
ဘာသာပြန် - စိုးလင်း
နယ်မြေတွေ ပေးပြီး
သမိုင်းတန်ကျောက်ရဲ့
ဒဏ္ဍာရီလာ ဧကရာဇ် ဖြစ်လာခြင်း
စာစဉ် ၃၈

# အပိုင်း ( ၄၀၅)

*

သံတမန်သုံးဦးမှာ အံ့အားသင့်လွန်းသဖြင့် ဆွံ့အသွားကြရတော့သည်။

ဤမဟာရှကေရာဇ်ထံတွင် အဘယ်ကြောင့် ဤမျှ ကောင်းမွန်သော ရတနာများစွာ ရှိနေရပါသနည်း။ တစ်ခုချင်းစီတိုင်းမှာ သူတို့ အလွန် နှစ်သက်သဘောကျရသည့် အရာများသာ ဖြစ်နေသည်။

'တောက်... ငါ့စိတ်တွေ လှုပ်ရှားလာပြီ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ'

ထိုအချိန်တွင် လင်းပိုင်ဖန်က ပြုံးလျက် "လူကြီးမင်းတို့... အကယ်၍ ခင်ဗျားတို့သာ ငါ

ကိုယ်တော်အပေါ် သစ္စာရှိရှိ အမှုထမ်းမယ်ဆိုရင် ဒီနတ်ဆေးလုံးတွေ၊ သိုင်းကျမ်းတွေနဲ့ နတ်ဘုရားလက်နက်တွေကို ပိုင်ဆိုင်ခွင့်ရမယ့် အခွင့်အရေး ရှိတယ်။ ဒ့ါအပြင် ခင်ဗျားတို့ရဲ့ မိသားစုဝင်တွေကို ကယ်တင်ဖို့အတွက်လည်း ငါ ကိုယ်တော် လူလွှတ်ပေးမယ်။ စည်းစိမ်ချမ်းသာနဲ့ ဂုဏ်ဒြပ်ဆိုတာ ခင်ဗျားတို့အတွက် လိုလေသေးမရှိ ဖြစ်စေရမယ်"

"အရှင်မင်းကြီး... ဘာမှ ထပ်မိန့်တော်မမူပါနဲ့တော့"

သံတမန်သုံးဦးမှာ တပြိုင်နက်တည်း ဆိုလိုက်ကြသည်။ "ကျွန်တော်မျိုးတို့ အရှင်မင်းကြီးအပေါ် သစ္စာရှိရှိနဲ့ အသက်ထက်ဆုံး အလုပ်အကျွေးပြုဖို့ အသင့်ပါပဲ"

သူတို့၏ ရင်ထဲတွင်မူ သူတို့နိုင်ငံ၏ ကောရာဇ်အတွက် တိတ်တဆိတ် မျက်ရည်ကျမိလိုက်ကြ

သည်။

'အရှင်မင်းကြီး... ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်ပါ။ အရှင်မင်းကြီးရဲ့ ကျေးဇူးတော်ကို ကျွန်တော်မျိုးတို့ မစောင့်ရှောက်နိုင်တော့ပါဘူး။ ကျွန်တော်တို့ သစ္စာဖောက်တာ မဟုတ်ပါဘူး၊ တစ်ဖက်က ပေးတဲ့ကမ်းလှမ်းချက်က ငြင်းမရနိုင်လောက်အောင် များလွန်းနေလို့ပါ'

ထို့နောက်တွင် လင်းပိုင်ဖန်သည် ယွမ်ထျန်းကန်း၊ ဗိုလ်ချုပ် ဟန်နှင့်ဟာ ၊ သေမင်းတမန်ကျောင်းတော်သားနှင့် အခြားသော ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင် အချို့ကို သံတမန်သုံးဦးနှင့်အတူ မဟာလန်၊ မဟာရှီးနှင့် မဟာဝူနိုင်ငံများသို့ စေလွှတ်လိုက်သည်။

တစ်ဖက်တွင်မူ သူတို့၏ မိသားစုဝင်များကို ရွှေ့ပြောင်းပေးရန်ဖြစ်ပြီး၊ အခြားတစ်ဖက်တွင်မူ ကျန်ရှိနေသော ချီဖွဲ့တည်ခြင်းအဆင့် သိုင်း

ပညာရှင်များကို သိမ်းသွင်းရန် ဖြစ်သည်။

နောက်ဆုံးတွင် သူတို့သည် လင်းပိုင်ဖန်ကို စိတ်ပျက်အောင် မလုပ်ခဲ့ကြပေ။ သံတမန်သုံးဦး အပြင် အခြားသော ချီဖွဲ့တည်ခြင်းအဆင့် သိုင်း ပညာရှင် ၆ ဦးကိုပါ မဟာရှနိုင်ငံသို့ သစ္စာခံရန် သိမ်းသွင်းနိုင်ခဲ့သည်။ ဤသို့ဖြင့် မဟာရှနိုင်ငံ၏ အင်အားမှာ တစ်ဖန် ထပ်မံတိုးတက်လာ တော့သည်။

"ဒင်! ကစားသမား၏ နိုင်ငံတော်အင်အား တိုးတက်လာသည့်အတွက် သင်၏ခွန်အားမှာ လည်း လိုက်ပါတိုးမြင့်လာပြီး 'ထာဝရနေ့ပျိုခြင်း နှင့် အသက်ရှည်ခြင်းသိုင်းကျမ်း' ကို ဆုလာဘ် အဖြစ် ရရှိခဲ့သည်"

"ထာဝရနုပျိုခြင်းနှင့် အသက်ရှည်ခြင်းသိုင်း ကျမ်းမှာ အသက်ရှည်မှုကို ပေးစွမ်းနိုင်သော

သိုင်းပညာဖြစ်သည်။ ဤသိုင်းကို တတ်မြောက်ပါက အသက်ရှည်ရှုံသာမက ထာဝရနုပျိုမှုကိုပါ ရရှိမည်ဖြစ်ပြီး သင်၏သိုင်းပညာမှာလည်း သိုင်းလောက၏ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဖြစ်သည်"

လင်းပိုင်ဖန်မှာ ထိုသိုင်းပညာကို လျင်မြန်စွာစုပ်ယူလိုက်ပြီးနောက် ရယ်မောကာ "အသက်ရှည်ခြင်း သိုင်းကျမ်းလိုပဲ ဒီသိုင်းကလည်း အသက်ရှည်မှုကို ဦးစားပေးတာပဲ။ နည်းလမ်းချင်း မတူပေမဲ့ တစ်ခုနဲ့တစ်ခု အားဖြည့်ပေးပြီး အားနည်းချက်တွေကို ပြုပြင်ပေးနိုင်တယ်"

သူသည် မဟာလော့နိုင်ငံရှိရာဘက်သို့ လှည့်ကြည့်ရင်း ထပ်မံပြုံးလိုက်မိသည်။

"ဒီတစ်ခါတော့ မဟာလော့ဧကရာဇ်ကို တကယ်ပဲ ကျေးဇူးတင်ရမယ်။ သူသာ ဒီလိုတွေ မလုပ်ခဲ့ရင် ငါ့အတွက် ဒီလောက်အထိ

အကျိုးအမြတ် ရမှာမဟုတ်ဘူး၊ ဟားဟား.."

လင်းပိုင်ဖန်က ထိုနိုင်ငံများ၏ အဓိကဒေါက်တိုင်များကို ဆွဲထုတ်လိုက်သည့်အတွက် နိုင်ငံသုံးနိုင်ငံမှာ လျင်မြန်စွာ ပြိုလဲသွားပြီး မဟာလော့နိုင်ငံ၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရတော့သည်။ ထို့ကြောင့် မဟာလော့နိုင်ငံ၏ နယ်မြေမှာ နှစ်ဆတိုးသွားပြီး လူဦးရေမှာလည်း နှစ်ဆကျော် တိုးပွားလာခဲ့သည်။

ဤသတင်းကို ကြားသောအခါ မဟာလော့ဧကရာဇ်မှာ အလွန်အမင်း စိတ်လှုပ်ရှားသွားပြီး ပျော်လွန်း၍ ရူးမတတ် ဖြစ်သွားလေတော့သည်။

"ဒါက အမှန်ကန်ဆုံး နည်းလမ်းပဲ။ ကရုဏာတရားတွေ၊ ကိုယ်ကျင့်တရားတွေဆိုတာ အပိုတွေပဲ၊ ငါ ဒါတွေကို မလိုတော့ဘူး။ ကိုယ်ကျင့်တရားတွေ မရှိတော့ရင် ဘယ်အရာကမှ ငါ့ကို ချုပ်ကိုင်ထားနိုင်မှာ မဟုတ်တော့ဘူး၊

ဟားဟား..."

သူ၏ အတွေးအခေါ်များမှာ တစ်ဖန် လွတ်မြောက်သွားပြန်ပြီး ရင်ထဲတွင် ကျန်ရှိနေသေးသော နောက်ဆုံး ကရုဏာတရားနှင့် ကိုယ်ကျင့်တရား အကြွင်းအကျန်များကိုပါ စွန့်ပစ်လိုက်တော့သည်။

ထို့နောက်တွင် မဟာလော့ဂေကရာဇ်သည် တိုင်းပြည်၏ ရိက္ခာများကို စစ်ဆေးလိုက်သည်။ ရိက္ခာများ တိုးလာသည်ဆိုသော်လည်း လူဦးရေအားလုံးကို ကျွေးမွေးရန် မလုံလောက်သေးပေ။ သို့သော် သူသည် အနည်းငယ်မျှပင် မစိုးရိမ်တော့ပေ။

"လူတွေက များလွန်းနေသေးတာပဲ။ ပြည်ပကို ဆက်ပြီး စစ်တိုက်ရမယ်။ လူတွေ သေလေလေ ရိက္ခာတွေ ပိုလာလေလေပဲ မဟုတ်လား၊ အဲဒီအခါကျရင် အချိုးအစား ညီမျှသွားမှာပေါ့။

'ကောင်းကင်ကြီးက ကရုဏာမရှိဘူး၊ သတ္တဝါအားလုံးကို ကောက်ရိုးရုပ်တွေလိုပဲ သဘောထားတယ်' လို့ လူတွေက ဆိုကြတယ်။ ငါ့ကို ရက်စက်တယ်လို့ မဆိုကြနဲ့တော့"

ကိုယ်ကျင့်တရားနှင့် ကရုဏာတရားတို့ကို စွန့်ပစ်လိုက်ပြီးနောက် သူသည် ပြည်သူများကို လူသားများကဲ့သို့ပင် မမြင်တော့ပေ။ သို့သော် သူသည် ထူးချွန်သော သိုင်းပညာရှင်များကိုမူ အလေးထားဆဲပဲ ဖြစ်သည်။

"ငါတို့ စစ်ဆင်ရေးမှာ သိုင်းပညာရှင်တွေ ဘယ်လောက်အထိ သိမ်းသွင်းနိုင်ခဲ့လဲ။ ပထမတန်းစား၊ ဒုတိယတန်းစားနဲ့ ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင် ဘယ်နှစ်ယောက်လောက် ပါလဲဆိုတာ အသေးစိတ် တင်ပြစမ်း"

"အရှင်မင်းကြီးကို တင်ပြပါရစေ..." ဗိုလ်ချုပ်ဖြစ်သူမှာ မဟာလော့ဧကရာဇ်ကို ထိတ်လန့်စွာ

ကြည့်ရင်း "ဒီစစ်ဆင်ရေးအတွင်းမှာ ပထမတန်းစား သိုင်းပညာရှင် ၃၈ ယောက်၊ ဒုတိယတန်းစား ၁၂၂ ယောက်နဲ့ တတိယတန်းစား ၄၄၂ ယောက်ကို သိမ်းသွင်းနိုင်ခဲ့ပါတယ်"

မဟာလော့ဇကေရာဇ်မှာ မျက်မှောင်ကြုတ်လိုက်ပြီး "ဒီလောက်ပဲလား"

ဤသုံးနိုင်ငံစလုံးမှာ နိုင်ငံကြီးများဖြစ်ကြရာ အနည်းဆုံး ပထမတန်းစား ၁၅၀၊ ဒုတိယတန်းစား ၅၀၀ နှင့် တတိယတန်းစား ၂၀၀၀ ခန့် ရှိသင့်သည်။ ယခုမူ လေးပုံတစ်ပုံပင် မရရှိခဲ့ပေ။

"တင်ပြပါရစေ အရှင်မင်းကြီး... သူတို့ထဲက အများစုက လက်မခံဘဲ ပြန်လည်ခုခံကြလို့ သတ်ပစ်လိုက်ရပါတယ်" ဟု ဗိုလ်ချုပ်က ဆိုလိုက်သည်။

"ဒါက ထားလိုက်ပါဦး၊ ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင်တွေရော။ သူတို့က သတ်ဖို့

မလွယ်ဘူးလေ၊ အချို့တော့ ကျန်ရမှာပေ့ါ" မဟာလောဇကေရာဇ်မှာ ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင်များကို ပို၍ အလေးထားလေသည်။ အဘယ်ကြောင့်ဆိုသော် ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင် တစ်ယောက်သည် ပထမတန်းစား အယောက် ၂၀ ခန့်နှင့် ညီမျှသောကြောင့် ဖြစ်သည်။

ဗိုလ်ချုပ်ဖြစ်သူမှာ ဒူးထောက်လိုက်ပြီး "အရှင်မင်းကြီး... ကျွန်တော်မျိုးကို ခွင့်လွှတ်ပါ။ ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင် တစ်ယောက်ကိုမှ သိမ်းသွင်းလို့ မရခဲ့ပါဘူး"

မဟာလောဇကေရာဇ်မှာ ဒေါသထွက်သွားပြီး "တစ်ယောက်မှ မရဘူး ဟုတ်လား၊ မင်းတို့တွေ ဘာလုပ်နေကြတာလဲ"

"တင်ပြပါရစေ အရှင်မင်းကြီး... အဲဒီ ချီဖွဲ့တည်ခြင်းအဆင့် သိုင်းပညာရှင်တွေက အရမ်း

ခေါင်းမာကြပါတယ်။ ခြောက်ဆယ်ရာခိုင်နှုန်းလောက်က စစ်မြေပြင်မှာပဲ အသက်ပေးသွားကြပါတယ်"

မဟာလော့ကေရာဇ်မှာ ဒေါသတကြီးဖြင့် ဆက်မေးလိုက်သည်။ "ကျန်တဲ့ လေးဆယ်ရာခိုင်နှုန်းကရော"

"ကျန်တဲ့ လေးဆယ်ရာခိုင်နှုန်းကိုတော့ မဟာရှနိုင်ငံက သိမ်းသွင်းသွားပါပြီ"

"ဘာ...!" မဟာလော့ကေရာဇ်မှာ အလွန်အမင်း ထိတ်လန့်သွားတော့သည်။

သူ မျက်စိကျနေသော သူများကို မဟာရှနိုင်ငံက အရင်ဦးအောင် လုယူသွားသည်တဲ့လား။ အဘယ်ကြောင့် မဟာရှနိုင်ငံမှာ တစ္ဆေတစ်ကောင်ကဲ့သို့ သူ့နောက်ကို အမြဲလိုက်နေရသနည်း။

မဟာလော့ကေရာဇ်မှာ ဟိန်းဟောက်လိုက်

လေသည်။ "မဟာရှနိုင်ငံက သိမ်းသွင်းသွားတာကို မင်းတို့က ဒီအတိုင်း ကြည့်နေကြတာလား။ သူတို့ရဲ့ မိသားစုတွေကို သုံးပြီး မခြိမ်းခြောက်ခဲ့ဘူးလား"

"ကျွန်တော်မျိုးတို့ ကြိုးစားခဲ့ပေမဲ့ တစ်လှမ်းနောက်ကျသွားခဲ့ပါတယ်။ သူတို့ရဲ့ မိသားစုတွေကို မဟာရှနိုင်ငံက အရင်ဆုံး ရွှေ့ပြောင်းသွားခဲ့ပါပြီ။ ကျွန်တော်မျိုးတို့လည်း ဘာမှ မတတ်နိုင်ခဲ့လို့ပါ၊ အရှင်မင်းကြီး ခွင့်လွှတ်ပေးပါ"

မဟာလော့ဧကရာဇ်မှာ ဒေါသကြောင့် တုန်ရင်နေပြီး- "ယုတ်မာတဲ့ မဟာရှနိုင်ငံ၊ အမြဲတမ်းလက်ဦးမှု ယူနေတာပဲ"

မဟာရှနိုင်ငံနှင့် တွေ့ဆုံတိုင်း တစ်ခါမျှ ကောင်းကျိုးမပေးခဲ့ပေ။

'သူတို့က ငါ့အတွက် ကံကြမ္မာဆိုးများလား'

မဟာလော့ဧကရာဇ်မှာ စိတ်ကို လျှော့ကာ

ဒေါသမထွက်မိအောင် ထိန်းလိုက်သည်။ ရန်သူ့ကြောင့် ဒေါသထွက်ပြီး သေသွားရလျှင် မတန်ပေ။

"မောင်မင်းက ငါ့အပေါ် အမှုထမ်းခဲ့တာ ကြာပြီမို့လို့ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးလိုက်မယ်။ သွား... တပ်သားတွေ ဆက်ပြီး စုဆောင်း၊ အဲဒီသုံးနိုင်ငံက လူတွေကို ရသလောက် စုဆောင်းခဲ့"

ဗိုလ်ချုပ်မှာ ကြောင်အမ်းသွားပြီး "အရှင်မင်းကြီး... ဘာဖြစ်လို့ပါလဲခင်ဗျာ"

"နယ်မြေတွေကို ဆက်ပြီး ချဲ့ထွင်ဖို့ပေါ့" မဟာလော့ဧကရာဇ်က အေးစက်စွာ ပြောလိုက်သည်။ "ငါတို့မှာ လူတွေက များနေပြီး ရိက္ခာက မလောက်ဘူး၊ အဲဒါကို ဘယ်လို ခွဲဝေရမလဲဆိုတာ မောင်မင်း မသိဘူးလား"

ဗိုလ်ချုပ်မှာ တုံ့ဆိုင်းစွာဖြင့် "ဒါပေမဲ့ အရှင်မင်းကြီး... ဒီလိုလုပ်ရင် လူတွေ အများကြီး

ထပ်သေကုန်ပါလိမ့်မယ်"

"သေရင်လည်း သေပါစေ... သူတို့က ကျေးဇူးကန်းတဲ့ ကောင်တွေပဲ၊ သေတာနဲ့ တန်တယ်" ဟု မဟာလောဇကေရာဇ်က သာမန်ကာလျှံကာ ပြောလိုက်သည်။

ဗိုလ်ချုပ်ဖြစ်သူမှာ ရှေ့မှ ဧကရာဇ်ကို ကြည့်ရင်း သူမမြင်ဖူးသော သူစိမ်းတစ်ယောက်ကဲ့သို့ ခံစားလိုက်ရပြီး ကြောက်လန့်မိသွားခဲ့သည်။

***